# ACC Against COVID-19




## အစီအစဉ် (၈၂)

# “နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု”

ACC Against COVID-19

Prof. Dr. Aung Tun Thet
2-11-2020



# နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု

**Prof.Dr.Aung Tun Thet**
**2/11/2020**

ပြည်သူများ၏ပါဝင်ဆောင်ရွက်မှုသည်
အသေးငယ်ဆုံးသော အများပြည်သူဆိုင်ရာ
လုပ်ငန်းများတွင်ပင်လျင်
လွန်စွာအကျိုးဖြစ်ထွန်းစေပါသည်။



~ John Stuart Mill

AZ QUOTES

# နိုင်ငံသားများ ပါဝင်မှု

- အသစ်အဆန်းမဟုတ်သောအယူအဆ၊
- မကြာသေးသောဆယ်စုနှစ်များအတွင်း လူကြိုက်များလာခြင်း၊
- အများပြည်သူဆိုင်ရာကိစ္စများအား စဉ်းစားဆုံးဖြတ်ရာတွင် နိုင်ငံသားများ ပါဝင်ရန် အခွင့်အရေးရှိခြင်း၊

# နိုင်ငံသားများ ပါဝင်မှု

- လူမှုရေး၊ စီးပွားရေးများပြုပြင်ပြောင်းလဲရာတွင် နိုင်ငံသားများ ပါဝင်ခွင့်ရှိခြင်းသည် အဓိကဖြစ်၊
- နိုင်ငံသားများအား လုပ်ပိုင်ခွင့်ပေးခြင်းသည် အခြေခံကျသော နည်းလမ်းဖြစ်၊

# နိုင်ငံသားများ ပါဝင်မှု

- လုပ်ငန်းစဉ်
- အများပြည်သူဆိုင်ရာကိစ္စရပ်များအား ဆုံးဖြတ်ရာတွင် နိုင်ငံသား တစ်ဦးချင်းစီ၏ ဆန္ဒများပါဝင်နိုင်ရန် အခွင့်အလမ်းများပေးခြင်း၊
- ဒီမိုကရေစီဆန်သောဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်း တစ်ခုဖြစ်ခြင်း၊

# နိုင်ငံသားများ ပါဝင်မှု

- တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ
- သတင်းအချက်အလက် သိပိုင်ခွင့်ရှိခြင်း၊
- အများပြည်သူဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်သူများပါဝင်ခွင့်ရှိခြင်း၊
- မှန်ကန်မျှတသော တရားစီရင်ရေးကိုရရှိစေခြင်း၊

# နိုင်ငံသားများ ပါဝင်မှု

ဆောင်ရွက်နိုင်သောနည်းလမ်း(၂)မျိုး

- အောက်ခြေလူထုမှ စည်းရုံးလှုံ့ဆော်ပါဝင်ခြင်း၊ မဲပေးခြင်း၊
- ထိပ်ပိုင်းဗဟိုမှ ဦးဆောင်သောစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

# နိုင်ငံသားများ ပါဝင်မှု

အများပြည်သူဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူများပါဝင်သင့်သော အကြောင်းရင်း(၅)ချက်

၁. ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်သူများ၏လိုလားချက်များ ပါဝင်မှုရှိခြင်း၊

၂. ဒေသခံပြည်သူများနှင့်ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များချမှတ်ခြင်း၊

၃. တရားဥပဒေစိုးမိုးရေးကိုလူတိုင်းရရှိနိုင်စေခြင်းနှင့် မျှတသောအစီအစဉ်များ ဖြင့် အားလုံးခံစားခွင့်ရှိစေခြင်း၊

# နိုင်ငံသားများ ပါဝင်မှု

၄။ အစိုးရ၏ဆုံးဖြတ်ချက်များကိုပြည်သူမှတရားဝင်လက်ခံခြင်း၊

၅။ ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြည်သူမှ ထိန်းကြောင်းနိုင်ခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင်နိုင်ငံသားများပါဝင်မှု

- အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ပြည်သူများပါဝင်မှုမရှိပါက ထိရောက်အောင်မြင်နိုင်မှုနည်းပါးခြင်း၊
- အစိုးရတွင်ရှိသော သတင်းအချက်အလက်များ ပြည်သူတွင် အမြဲတမ်းမရှိနိုင်ခြင်း၊

# အဂတိလိုက်စားမှု

- လူထုပါဝင်မှုကို ပိတ်ပင်မှုနှင့် တားဆီးမှုသည် အဂတိလိုက်စားမှုဖြစ်၊
- သတ်မှတ်ထားသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပဲ ရှောင်လွှဲလုပ်ဆောင်ခြင်းသည် အဂတိလိုက်စားမှုဖြစ်၊
- မိမိကိုယ်တိုင်မပါဝင်သော်လည်း ပြည်သူ့ဘဏ္ဍာငွေများ အလွဲသုံးစားပြုခြင်းသည် အဂတိလိုက်စားမှုဖြစ်၊

# နိုင်ငံသားများ

- လူမှုရေးဆိုင်ရာ တာဝန်များ
- အာဏာပိုင်များသို့ သို့မဟုတ် မီဒီယာများမှတဆင့် အဂတိလိုက်စားမှုများကို သတင်းပေးပို့ခြင်း၊
- အဂတိလိုက်စားမှုအား သည်းခံမှုမရှိသည့် ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုအား ဖန်တီးရန်အတွက် လေ့ကျင့်ရေးအစီအစဉ်များနှင့် အသိပညာပေးလှုံ့ဆော်မှု အစီအစဉ်များကို ထောက်ပံ့ပေးခြင်း၊
- အဂတိလိုက်စားမှု ကျူးလွန်မှုရာတွင် ပါဝင်ခြင်းအား ငြင်းဆန်ခြင်း၊

# နိုင်ငံသားများ

- အများပြည်သူထံမှ အရင်းမြစ်ရယူခြင်းနှင့် ဆိုရှယ်မီဒီယာတို့အား အသုံးပြုခြင်း၊
- ကမ္ဘာ့ဘဏ်၏ စီမံကိန်းများတွင် ငွေလိမ်လည်မှုနှင့် အဂတိလိုက်စားမှုများ၏ လျှို့ဝှက်သတင်းပေး တိုင်ကြားချက်များကို ပြုလုပ်နိုင်သည့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အက်ပလီကေးရှင်းအား ကမ္ဘာ့ဘဏ်မှ ၂၀၁၂ ခုနှစ်တွင် စတင်ဖြန့်ဖြူးခဲ့သည်၊
- အိန္ဒိယ အွန်လိုင်း စင်မြင့်တစ်ခုဖြစ်သည့် “I Paid a Bribe” သည် ပြည်သူများအား ၎င်းတို့နေ့စဉ်ဘဝတွင် ကြုံတွေ့ကြရသည့် အဂတိလိုက်စားမှုများနှင့် သက်ဆိုင်သည့်အဖြစ်အပျက်များအား အမည်ဖော်ပြရန်မလိုဘဲ သတင်းပေးဖော်ထုတ်နိုင်ပါသည်၊
- အဂတိလိုက်စားမှုများအား မှတ်တမ်းထားခြင်းနှင့် အများပြည်သူများအကြား အသိပညာမြှင့်တင်ခြင်း၊

# နိုင်ငံသားများ

- ဥရောပတွင် Digiwhist web portal နှင့် မိုဘိုင်း အက်ပလီကေးရှင်းနည်းပညာများကို စတင်အသုံးပြုလျက်ရှိပါခြင်း၊
- အများပြည်သူဆိုင်ရာ ဝယ်ယူမှုများတွင် စနစ်ကျသော သတင်းအချက်အလက်များကို စုစည်းခြင်း၊ ပုံစံတည်ဆောက်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ကျယ်ပြန့်စွာ ဖြန့်ဖြူးခြင်း၊
- အစိုးရအရာရှိများ၏ တာဝန်ခံမှုမြှင့်တင်စေခြင်း၊
- ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ချက်နှင့် ကောင်းမွန်သော အုပ်ချုပ်မှု မူဝါဒများ၏ သက်ရောက်မှုများကို ဆန်းစစ်ခြင်း၊

# အဂတိလိုက်စားမှု

- “ပုံမှန်အလေ့အထဖြစ်လာခြင်း”သည် ကြီးမားသော အန္တရာယ်ဖြစ်ခြင်း၊
- အများပြည်သူ၏ ဝေဖန်ပြောဆိုမှုများ နည်းပါးလာခြင်း၊
- မကောင်းမှုများပြုလုပ်ခြင်းကို လိုအပ်ချက်အဖြစ် လက်ခံလာခြင်း၊
- အရေးကြီးသော ရပိုင်ခွင့်များအတွက် ဖြတ်လမ်းဖြစ်လာခြင်း၊

# အဂတိလိုက်စားမှု

- အဂတိလိုက်စားမှုများ နည်းပါးစေရန် သို့မဟုတ် မရှိစေရန်အတွက် အများပြည်သူ၏ ဝေဖန်သော သဘောထား
- အများပြည်သူဆိုင်ရာ အခန်းကဏ္ဍတွင်အဂတိလိုက် စားမှုများကြောင့် ပြည်သူတို့၏ မကျေနပ်ချက်များဖြစ်ပေါ်လာခြင်း၊ ညံ့ဖျင်းသောအုပ်ချုပ်မှုများကြောင့် နိုင်ငံရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်တို့တွင် ပြည်သူများ၏ စိတ်ပါဝင်စားမှုကို ယုတ်လျော့စေခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် အများပြည်သူပါဝင်ဆောင်ရွက်မှုကင်းမဲ့ခြင်းတို့ ဖြစ်စေပါသည်။

# ပြည်သူများ၏ စိတ်ပါဝင်စားမှု

- အများပြည်သူပါဝင်ဆောင်ရွက်မှုမရှိခြင်း၊
- အများပြည်သူအား စွမ်းဆောင်ရည်ရှိစေခြင်းဖြင့်ဖြေရှင်းခြင်းနှင့် ပြည်သူပါဝင်ဆောင်ရွက်ရန်အတွက် ဆန်းသစ်သော ချဉ်းကပ်မှုများကို မိတ်ဆက်ခြင်း၊
- တိုင်ကြားစာများလက်ခံခြင်းနှင့် တောင်းဆိုမှုများကိုင်တွယ်ဆောင်ရွက်ခြင်းတို့တွင် လက်တွေ့ကျသော အကူအညီများပေးခြင်းဖြင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးခံစားရသူများနှင့် သက်သေများကို အထောက်အပံ့ဖြစ်စေခြင်း၊
- အဂတိလိုက်စားမှုများကို အများပြည်သူမှ သတင်းပေးပို့ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း

# နိုင်ငံသားများ

- အဂတိလိုက်စားမှုများကို သိရှိခြင်း၊
- တိုက်ဖျက်ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊

# အဂတိလိုက်စားမှု၏ အကျိုးဆက်များ

- ကြီးမားသော မညီမျှမှုများကို ဖြစ်လာစေခြင်း၊
- ပုဂ္ဂိုလ်ရေးဆိုင်ရာ မရိုးဖြောင့်မှုများကို များပြားလာစေခြင်း၊
- အများပြည်သူ၏ အကျင့်စာရိတ္တ ယိုယွင်းလာစေခြင်း၊
- မငြိမ်သက်မှုနှင့် အစွန်းရောက်သော အကြမ်းဖက်မှုများဖြစ်လာခြင်း၊

# အဂတိလိုက်စားမှု၏ ရောဂါလက္ခဏာများ

- ပြည်သူများနှင့် အစိုးရအရာရှိများသည် သင့်လျော်သည့်တာဝန်ခံမှုလုပ်ငန်းစဉ် မထားရှိဘဲ အာဏာ အသုံးချပြီး ကြွယ်ဝချမ်းသာအောင် ဆောင်ရွက်ခြင်း၊
- အာဏာအသုံးပြုလွှမ်းမိုးခြင်း၊ မူးယစ်ဆေးဝါး ကုန်သည်များ၊ အထက်တန်းလွှာအသိုင်းအဝိုင်း၊ လူတစ်စုမှ အုပ်ချုပ်သည့် အစိုးရ၊ လူတစ်စုနှင့် အာဏာရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊

# ကိုရိယာတပ်ဆင်ပေးခြင်း

- ပြည်သူများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သဘောထား

# အဂတိလိုက်စားမှု

- လူအများစုအကျိုး ဦးစားပေးသည့် စည်းရုံးပြောဆိုခြင်း၏ အရေးပါမှု
- လူအများစုအကျိုးဦးစားပေးသည်ဆိုသည့် ခေါင်းဆောင်များသည် နိုင်ငံရေးပြိုင်ဘက်များကို အရေးယူရန်အတွက် အဂတိလိုက်စားမှုအပြုအမူများအပေါ်ဖြစ်ပေါ်နေသော ပြည်သူတို့၏ ဒေါသကို အသုံးချခြင်း၊
- အထက်တန်းလွှာလူနည်းစုမှ အများပြည်သူအကျိုးကို ဆန့်ကျင်၍ ဆောင်ရွက်လျက်ရှိသည် ဆိုသောအတွေးအခေါ်ကိုအခြေခံ၍ လူအများစုအကျိုးအတွက် ဆိုသည့် လုပ်ရှားမှုများသည် ၎င်းတို့ကိုယ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအင်အား အဖြစ်ကိုယ်စား ပြုဖော်ပြလေ့ရှိခြင်း၊

# အဂတိလိုက်စားမှု

- အဆိုပါ လုပ်ရှားမှုများသည် အဂတိလိုက်စားမှုများကို ဆန့်ကျင်ရန် မှန်ကန်သော မဟာဗျူဟာနှင့်ကိုက်ညီမှုမရှိခြင်း၊
- အဂတိလိုက်စားမှုပုံစံအသစ်များကိုပင် ဖြစ်ပေါ်စေခြင်း၊



နိုင်ငံသားဖြစ်ခြင်းတွင် နိုင်ငံ့တာဝန်များကို
ထမ်းဆောင်ခြင်းသည်လည်း ပါဝင်ပါသည်။
— Jawaharlal Nehru —
AZ QUOTES